ဦးညွှတ်ရန်သွားသည့်အခါ၊ စဂ်ျဒဟ်ဦးချရန်သွားသည့်အခါ၊ စဂ်ျဒဟ်မှပြန်ထသည့်အခါ၊ ဒုတိယစဂျ်ဒဟ်ဦးချသည့်အခါ၊ ၎င်းမှပြန်ထသည့်အခါ၊ သုံးရကအသ်ရှိသည့်ဆွလာသ် (သို့) လေးရကအသ်ရှိသည့်ဆွလာသ်တွင် ပထမ နှစ်ရကအသ်ပြီးနောက် ပထမသရှဟ်ဟုဒ်အတွက်ထိုင်ပြီးနောက် မတ်တပ်ပြန်ရပ်ရာတွင် သက္ကဗီရ် ရွတ်ဆို‌သည်။ သူသည်ဆွလာသ်ပြီးဆုံးသည်အထိ ဆွလာသ်ထဲတွင် ထိုအတိုင်းပြုလုပ်ခဲ့သည်။ ရုကူအ်မှမိမိ၏ကျောကိုပြန်ကြွသည့်အခါ ‘စမိအလ္လာဟု လိမန်ဟမိဒဟ်’ ဆိုသည်။ ထို့နောက် မတ်တပ်ရပ်လျက် ‘ရဗ္ဗနာဝလကလ်ဟမ်ဒ်’ဟုဆိုသည်။ ထို့နောက် အဗူဟုရိုင်ရဟ်ရဿွိယလ္လာဟုအန်ဟု)ကဆွလာသ်ပြီးဆုံးသွားသည့်အခါပြောကြားသည်မှာ- အကြင်အရှင်မြတ်၏လက်တော်တွင်ကျွန်ုပ်၏အသက်ဝိဉာဥ်ရှိ၏။ ထိုအရှင်မြတ်ကို တိုင်တည်၍ပြောမည်။ ဧကန်အမှန်ပင်ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ဆွလာသ်ဝတ်ပြုမှုနှင့် အတူဆုံးအနီးစပ်ဆုံး ဝတ်ပြုသူဖြစ်သည်။ ဤဆွလာသ်ဝတ်ပြုမှုသည်တမန်တော်မြတ် ‘ဒွန္နယာ’ လောကကို ခွဲခွါသွားသည့် အချိန်အထိ ဝတ်ပြုတော်မူခဲ့သောဆွလာသ်ဝတ်ပြုမှုကဲ့သို့ပင်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/65098